ချစ်တဲ့
ဂျင်းဘောင်းဘီလေး...ရေ

ချစ်သူတို့ရဲ့ မှတ်တမ်းကို...
အစိမ်းရောင်မင်နဲ့လဲ မရေးပါနဲ့
အနက်ရောင်မင်နဲ့လဲ မရေးပါနဲ့
ခဲတံနဲ့ပဲ ရေးပါ။
နှလုံးသားရဲ့ အမှားပြင်ဆင်ချက်မှာ
ခဲဖျက်လေးရှိနေစေချင်လို့။

ချစ်သူ
နှုတ်ခမ်းနီမလေး

ချစ်တဲ့
ဂျင်းဘောင်းဘီလေး...ရေ

ချစ်သူတို့ရဲ့ မှတ်တမ်းမှာ...
'ငိုဖူးတဲ့မျက်လုံးမှ
လှတာတဲ့'
ဒါပေမယ့်...ချစ်သူကတော့
မျက်လုံးလှဖို့တွက်
မျက်ရည်တွေဖူးပွင့်ဖို့
နှလုံးသားကို ရင့်မှည့်စရာ
ကွေကွင်းခြင်းဝေဒနာတွေနဲ့
မနာကျင်စေချင်ဘူး။

ချစ်သူ
နှုတ်ခမ်းနီမလေး